# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 7 , 2022 Volume 53, Number 5


၇.၄.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၃ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၃၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၁၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၅၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၀.၆ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၈.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၂၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဗဟိုဘဏ်မှ ငွေကြေးနှင့်ပတ်သက်ပြီး ညွှန်ကြားချက်များ ချမှတ်ပြီးနောက် ဒေါ်လာဈေးကျဆင်းလာကာ ရွှေဈေးတည်ငြိမ်နေ



http://sdtimedaily.com/

ဗဟိုဘဏ်မှ ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ မူဝါဒနှင့်ညွှန်ကြားချက်များ ချမှတ်ပြီးနောက် ရက်ပိုင်းအတွင်း နိုင်ငံခြားငွေလဲဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိပြီး ရွှေဈေးမှာလည်း ဈေးငြိမ်လျက်ရှိကြောင်း ဈေးကွက်များထံမှ စုံစမ်းသိရသည်။ ဗဟိုဘဏ်မှ ပြည်ပမှ ဝင်ရောက်လာသည့် နိုင်ငံခြားငွေများကို လဲလှယ်ရာတွင် (လဲလှယ်နှုန်းကို ၁၈၅၀ ကျပ်) ဈေးသတ်မှတ်ပြီး သွင်းကုန်၊ပို့ကုန် နိုင်ငံခြားငွေဘဏ်စာရင်းရှိ နိုင်ငံခြားငွေကို မြန်မာငွေကျပ် လဲလှယ်အသုံးပြုရန် ညွှန်ကြားချက်ထုတ်ပြန်ပြီးနောက် နိုင်ငံခြားဒေါ်လာငွေလဲဈေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဗဟိုဘဏ်မှ ဧပြီ ၃ ရက် ညွှန်ကြားချက်မထုတ်မီ ရှေ့ပိုင်းရက်များ၌ အမေရိကန်ဒေါ်လာ ဈေးနှုန်းမှာ ပြင်ပ ဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၂၀၈၀ ကျပ်အထိ ရောင်းချလျက်ရှိပြီး ဧပြီ ၄ ရက်မှစကာ ဈေးနှုန်းကျဆင်းလာပြီး ယနေ့ (ဧပြီ ၆ ရက်) မွန်းလွဲပိုင်း၌ အမေရိကန်ဒေါ်လာ အရောင်းဈေးနှုန်းမှာ ၂၀၀၀ ကျပ် အထိ ဈေးကျဆင်းခဲ့သည်။ မတ် ၂၅ ရက်က အကယ်ဒမီရွှေအရောင်းဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ၂၀၆၃၀၀၀ ကျပ်နှင့် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၉၅၈ ဒေါ်လာဖြင့် အမြင့်ဆုံးဈေးတက်ခဲ့သည်။ ဧပြီ ၄ ရက်တွင် တစ်ကျပ်သားလျှင် ၂၀၂၀၀၀၀ ကျပ် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၉၁၈ ဒေါ်လာဈေးဖြင့် ဈေးဖွင့်ခဲ့ပြီးနောက် ယနေ့အချိန်ထိ အဆိုပါဈေးနှုန်းပတ်ဝန်းကျင်တွင်သာ ဈေးနှုန်းပြောင်းလဲလျက်ရှိကြောင်း သိရသည်။

**Source:** http://sdtimedaily.com/

## ဆီထွက်သီးနှံဆိုင်ရာလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံလိုသူများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဖိတ်ခေါ်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဖိတ်ခေါ်လျက်ရှိသည်။ ထိုသို့ ဖိတ်ခေါ်ရာတွင် ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်ခြင်း၊ အကျိုးတူကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ စားသုံးဆီအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများအား ဦးစားပေး



Source: Popular News Journal

ဖိတ်ခေါ်လျက်ရှိခြင်းဖြစ်သည်။

ထို့ကြောင့် ဆီထွက်သီးနှံနှင့်ပတ်သက်၍ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြား သားရင်းနှီးမြှုပ်နှံသူများမှ အဆိုပြုလွှာများ တင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့များက လိုအပ်သည်များကို မြန်ဆန်စွာကူညီပေးသွားမည်ဟု သိရသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံလိုသူများသည် အသေးစိတ်သိရှိလိုသည်များအား ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၁)ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၏ ဖုန်း +၉၅-၉-၂၀၂၃၈၂၁၊ +၉၅-၁-၆၅၈၁၃၂ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။ ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အီးမေးလ်လိပ်စာဖြစ်သည့် dica@mptmail.net.mm, investmentpromotion@dica.gov.mm တို့သို့လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**Source: Popular News Journal**

## မြန်မာ့ပန်းချီဈေးကွက်တွင် ပြည်တွင်းဝယ်ယူမှုရှိသဖြင့် ကောက်ရိုးပန်းချီကားများ ဈေးကွက်ပုံမှန်ရှိနေ



Source: ရတနာပုံသတင်းစာ

မြန်မာ့ပန်းချီဈေးကွက်တွင် ပြည်တွင်းဝယ်ယူမှုရှိသည့် ကောက်ရိုးပန်းချီကားများ ဈေးကွက်ပုံမှန်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ကုမုဒြာ ကောက်ရိုးပန်းချီ လုပ်ငန်းရှင်ဦးမျိုးခိုင်က ပြောပြ၍သိရသည်။

ကောက်ရိုးပန်းချီသည် မြန်မာနိုင်ငံတွင် ပြည်တွင်းမှ ပန်းချီကားစုဆောင်းသူများနှင့် ပန်းချီကားနှစ်သက်မြတ်နိုးသူများက အဓိကဝယ်ယူကြသည့်အတွက် ပြည်ပဝယ်ယူမှုများပြားသည့် အခြားပန်းချီကားများနှင့် ဈေးကွက်အခြေအနေ ကွာခြားမှုကြောင့် ရေးဆွဲရမှုနှင့်ဝယ်ယူမှုမှာ ပုံမှန်သာရှိနေကြောင်းသိရသည်။

"ကောက်ရိုးပန်းချီဈေးကွက်က ပြည်တွင်းကပဲ ဝယ်ကြတာဆိုတော့ ကိုဗစ်ဆိုးဝါးနေတဲ့ကာလမှာ ဆိုင်တွေပိတ်သွားလို့ အမှာလျော့သွားပေမဲ့ အွန်လိုင်းက ရောင်းပေးတဲ့အခါကျတော့ အမှာပြန်တက်လာတယ်။ အလုပ်က ပါးသွားတာကလွဲလို့ နားတော့မနားရပါဘူး။ အခုကာလရောက်တော့ ဆိုင်တွေလဲပြန်ဖွင့် လူတွေလဲလှုပ်လှုပ်ရှားရှားဖြစ်လာပြီဆိုတော့ အမှာပြန်တက်နေတယ်" ဟု ပန်းချီဦးမျိုးခိုင်က ပြောပြသည်။

ကောက်ရိုးပန်းချီကား အရွယ်အစားများမှာ (၈ x ၁၂) လက်မ၊ (၁၂ x ၂၄) လက်မ၊ (၁၆ x၂၄) လက်မ၊ (၃၀ x ၂၀) လက်မ၊ (၃ပေ x ၁ ပေခွဲ)၊ (၃ပေ x ၄ပေ)စသည်ဖြင့်ရှိပြီး ဈေးနှုန်းများမှာ ငွေကျပ် သုံးသောင်းမှ ငါးသိန်းခန့်ထိရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ဧရာတ်ပွသီးများ ဝယ်ယူမှုများပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ထိဈေးရရှိနေ

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဧပြီ ၁ ရက်မှစ၍ ဧရာတ်ပွသီးများဝယ်ယူမှုများပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ထိ ဈေးရရှိနေကြောင်း အောင်ပန်းမြို့ရှိ ရှမ်းမင်းသားကုန်စိမ်း အဝယ်ဒိုင်မှသိရသည်။

ရှမ်းပြည် (တောင်ပိုင်း)တွင် လက်ရှိရေသွင်းထားသည့် ခြံများ၌စိုက်ပျိုးထားသော ဧရာတ်ပွသီးများသာ ထွက်ရှိသည့်အတွက် ဝယ်ယူမှုများနေပြီး ဈေးကောင်းရရှိနေကြောင်းသိရသည်။

"မနှစ်က တစ်ပိဿာကို ငွေကျပ် ၂၃၀၀ ပဲပေါက်ဈေးရှိတော့ မနှစ်ကထက် ဒီနှစ်မှာ တစ်ပိဿာကို ငွေကျပ် ၇၀၀ လောက်ဈေးပိုရတယ်၊ ပြီးခဲ့တဲ့ နှစ်ကတော့ ဈေးနှုန်းကျဆင်းမှုရှိပေမဲ့ ဒီနှစ်က ကုန်စည်စီးဆင်းမှု ပုံမှန်လည်ပတ်နေတာကြောင့်လားမသိဘူး ဝယ်လက်များနေတယ်။ ဈေးကောင်းလဲရနေတော့ တောင်သူတွေအတွက် တော်တော်လေး အဆင်ပြေပါတယ်"ဟု ရှမ်းမင်းသားကုန်စိမ်းအဝယ်ဒိုင်ပိုင်ရှင် ဦးမင်းမင်းထွန်းကပြောပြသည်။

မတ် ၃၁ ရက်က ငရုတ်ပွသီး တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်ပေါက်ဈေးရှိခဲ့ပြီး ဧပြီ ၁ ရက်မှစ၍ ငရုတ်ပွသီး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ထိပေါက်ဈေးရှိနေကြောင်းသိရသည်။

"စိုက်ထားတဲ့အရင်းနဲ့ အလုပ်သမားခတွေ ပြန်တွက်ရင် ဒီဈေးက တောင်သူတွေအတွက် တော်တော်လေး အဆင်ပြေတဲ့ ဈေးပါ။ ဈေးကောင်းရတယ်လို့ပြောလို့ရတယ်၊ ဒီဈေးအတိုင်းငြိမ်နေဖို့ကိုလဲ မျှော်လင့်ပါတယ်၊ ပိုးသတ်ဆေးနဲ့မြေဩဇာတွေ ဒီနှစ်မှာဈေးတက်လာတော့ သီးနှံတွေဈေးကောင်းရမှပဲ တောင်သူတွေ အဆင်ပြေကြမှာပါ"ဟု ပင်လောင်းမြို့နယ်မှ ငရုတ်ပွ သီးစိုက်တောင်သူ ဦးခင်စိုးလင်းကပြောပြသည်။

ရှမ်းပြည် (တောင်ပိုင်း)တွင် ငရုတ်ပွသီးများကို ပင်လောင်း၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်စသည့်ဒေသများတွင် အများဆုံး စိုက်ပျိုးကြပြီး ကျန်ဒေသများတွင်လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း ဦးမင်းမင်းထွန်းက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## သင်္ကြန်ကာလအတွင်း နယ်စပ်ဒေသပို့ကုန်သွင်းကုန်လုပ်ငန်းများ ပိတ်ရက်မရှိ ဆောင်ရွက်သွားမည်

သင်္ကြန်ကာလအတွင်း နယ်စပ်ဒေသများရှိပို့ကုန်သွင်းကုန်လုပ်ငန်းများကုန်စည်စီးဆင်းမှု မြန်ဆန်မှုရှိစေရန်ရည်ရွယ်၍ ပိတ်ရက်မရှိဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနရုံးမှသိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ များရှိ OSS(One Stop Service)စခန်းများ၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများက အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်များကို ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်ကြသည့် မြဝတီ(OSS)စခန်း၊ မူဆယ်(OSS)စခန်း၊ ချင်းရွှေဟော်(OSS) စခန်း များမှတဆင့် MACCS စနစ်ဖြင့် ပို့ကုန်သွင်းကုန်ဆောင်ရွက်မည့်ကုမ္ပဏီများသည် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်အခွန်များ ပေးဆောင်ရန် Deposit(အာမခံငွေ) လုံလုံလောက်လောက်ထည့်သွင်းထားရန်နှင့် ကျန် Manual စနစ်ဖြင့် ဆောင်ရွက်လျက် ရှိသည့် စခန်းများအနေဖြင့် ပုံမှန်လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

လက်ရှိတွင် ထိုင်း-မြန်မာကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသွားရာ အာရှလမ်းမကြီး တွင် တိုက်ပွဲများဖြစ်ပွားနေသည့်အတွက် ကုန်သည်များအနေဖြင့် စိုးရိမ်မှုများရှိနေကြသည်။ "ကုန်သည်အများစုက ရန်ကုန်နဲ့ ခရီးသိပ်မဝေးတဲ့ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းကို ရွေးပြီးသွားနေကြတာ။ ကားတွေမီးရှို့ဖျက်ဆီးခံနေရတာရှိတော့ စိုးရိမ် မိတယ်။ လုံခြုံရေးကို တင်းတင်းကြပ်ကြပ် ဆောင်ရွက်ပေးနိုင်ရင်တော့ ပိုကောင်းမယ် အခုက ကတော့လုံခြုံရေးအပိုင်းပေါ့" ဟု မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသည့် ကုန်သည်တစ်ဦးကပြောသည်။

**Source: Popular News Journal**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွန်း/သစ်မာ လျှာထားထုတ်လုပ်မှုအား တစ်နှစ်ထပ်မံရပ်နားကြောင်းကြေညာ


https://news-eleven.com/article/228758

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွန်း/သစ်မာ လျှာထားထုတ်လုပ်မှုအား တစ်နှစ် ထပ်မံရပ်နားကြောင်း မြန်မာ့သစ်လုပ်ငန်းက ကြေညာချက်ထုတ်ပြန်ထားသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ သစ်လုပ်ငန်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွန်း/သစ်မာလျှာထားထုတ်လုပ်မှု တစ်နှစ်ရပ်နားကြောင်း၊ နိုင်ငံပိုင်သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး ဦးတည်လျက် ၂၀၂၁-၂၀၂၂ ခုနှစ်(ခြောက်လ)ဘဏ္ဍာနှစ်ကာလတွင် သစ်ထုတ်လုပ်မှု ရပ်နားခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း ကျွန်း/သစ်မာလျှာထား ထုတ်လုပ်မှု အားထပ်မံ၍ တစ်နှစ်ရပ်နားလိုက်ကြောင်း အသိပေးကြေညာထားသည်။

COVID-19 ကြောင့် သစ်ဈေးကွက်မကောင်းမွန်ခဲ့ခြင်း၊ သစ်အခြေခံစက်ရုံများဖွင့်လှစ်ရန် ကန့်သတ်ချက်များ ရှိခဲ့ခြင်းကြောင့် လက်ကျန်သစ်များစွာရှိနေသည့်အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ကျွန်းနှင့်သစ်မာလျှာထားထုတ်လုပ်မှု တစ်နှစ်ရပ်နားလိုက် ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသ

ကြီးနှင့် ပြည်နယ်အသီးသီးတွင် သစ်တောများ ပြန်လည်တည်ထောင်ခြင်းအစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ၁၀ နှစ် စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး သစ်ထုတ်လုပ်မှုကိုလည်း နှစ်စဉ် ထုတ်လုပ်နိုင်မည့်ပမာဏ (Annual Allow – able Cut AAC ) ဘောင်အတွင်းမှ လျှော့ချထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက် ရှိသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျွန်းတန် ၆၀၀၀ နှင့် သစ်မာတန် ၂၂၀၀၀၀ ထုတ်လုပ်ရန် စီမံလျာထားခဲ့သော်လည်း COVID-19 ကူးစက်မြန်ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်များတွင် ကျွန်းနှင့်သစ်မာ သစ်လုံးများကို လစဉ်တင်ဒါရောင်းချနိုင်မှုမရှိခဲ့ခြင်း၊ သစ်ဈေးကွက်များ မကောင်းမွန်ခဲ့ခြင်းနှင့် သစ်အခြေခံစက်ရုံများ ဖွင့်လှစ်ရန် ကန့်သတ်ချက်များရှိခဲ့ခြင်းတို့ကြောင့် ကျွန်းနှင့်သစ်မာသစ်လုံး လက်ကျန်များစွာကျန်ရှိနေသည့်အတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ် မေ ၂၀ ရက်စွဲပါစာအမှတ် ၂၃ (၁၅/ ၂၄၉)/၇ ကောင်စီရုံးအရ "သဘာဝ သယံဇာတ ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ထိန်းသိမ်းဆောင်ရွက်ရန်" သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် နိုင်ငံတော် အတွင်း သစ်ထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျွန်းနှင့်သစ်မာထုတ်လုပ်မှု တစ်နှစ်ရပ်နား လိုက်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် မေ ၅ ရက် နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၆/ ၂၀၁၃) အရ မြန်မာ့သစ်လုပ်ငန်းသည် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစတင်ပြီး ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းထားသည်။သစ်ကိုအလုံးလိုက် ပြည်ပတင်ပို့ခြင်း မပြုတော့ဘဲ သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်တင်ပို့ခြင်းဖြင့် ပြည်ပဝင်ငွေပိုမို ရရှိစေရန်နှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုနှင့်အတူ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ လေးလအတွင်း သစ်တောထွက်ပစ္စည်းများတင်ပို့မှုမှ ဒေါ်လာ ၄၈ သန်းကျော်ရှိပြီး အခြား သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ၂၃ သန်းကျော်ရှိကြောင်း ပြည်ပပို့ကုန်/သွင်းကုန် စာရင်းဇယားများ ပြည့်စုံမှန်ကန် မြန်ဆန်စွာ ပြုစုရေးအဖွဲ့မှသိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပသို့သစ်တောထွက်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဇန်နဝါရီအထိ လေးလအတွင်း ဒေါ်လာ ၄၈ ဒသမ ၅၇ သန်းရရှိခဲ့သည်။ ယခင်နှစ်ကာလတူက ဒေါ်လာ ၅၇ ဒသမ ၀၄ သန်းအထိ တင်ပို့နိုင်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၇၃ ဒသမ ၉၀ သန်းရရှိခဲ့သည်။ အဆိုပါကာလတူ နှစ်ခုကိုနှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ သစ်တောထွက်ပစ္စည်းများတင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၄ ဒသမ ၈၁ သန်း လျော့ကျခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ သစ်တောထွက်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ကျွန်းသစ်ခွဲသားတင်ပို့မှုမှ ဒေါ်လာ ၃၇ ဒသမ ၃၇ သန်း၊ သစ်မာခွဲသားတင်ပို့မှုမှ ဒေါ်လာ ၉ ဒသမ ၇၇ သန်း၊ သစ်ပါးလွှာနှင့် အထပ်သားတင်ပို့မှုမှ ဒေါ် လာ ၄၆ ဒသမ ၂၁ သန်း၊ အခြား သစ်တောထွက်ပစ္စည်းများ တင်ပို့မှုမှ ဒေါ်လာ ၅၅ ဒသမ ၅၄ သန်းရရှိ ခဲ့သည်။

**Source:** https://news-eleven.com/article/228758

## စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှား နိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOBဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ် များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိရာ ဧပြီ ၄ ရက်မှ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်း

ဈေးနှုန်းကို (အနိမ့်ဆုံး ငွေကျပ် ၅၄၄၀ မှ အမြင့်ဆုံး ငွေကျပ် ၆၂၄၀ ) ထုတ်ပြန်ထားရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာမှုနှင့် နိုင်ငံခြားငွေလဲနှုန်းများ ပြောင်းလဲမှုအပေါ်အခြေခံ၍ တွက်ချက်မှုအရ ဧပြီ ၇ ရက်မှ ၂၄ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**Source:** https://www.myawady.net.mm/node/24105

စီးပွားရေးသံမှူးသတင်းများ

## တောင်ကိုရီးယားနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေထွက်ကုန်ပစ္စည်းများ၏ တင်သွင်းမှုဈေးနှုန်းများ (၃၀) ရာခိုင်နှုန်းကျော် မြင့်တက်မှုအခြေအနေ



Photo: Yonhap

တောင်ကိုရီးယားနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေထွက်ကုန်ပစ္စည်း များ၏ သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြင့် နိုင်ငံ၏စားသုံးသူဈေးနှုန်း (Consumer Price) များသည်လည်း ယခုရက်ပိုင်းအတွင်း သိသာစွာတိုးမြင့်လာခဲ့ကြောင်း၊ Korea Trade Statistics Promotion Institute ၏ အချက်အလက်များအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ထုတ်ကုန်များ၏ သွင်းကုန်ဈေးနှုန်းညွှန်းကိန်း(Import Price Index)သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၁၁၂.၆) သို့ ရောက်ရှိခဲ့ပြီး ယခင်နှစ်ကထက် (၃၁.၇) ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

Import Price Index သည် ၂၀၁၅ ခုနှစ်တွင် (၁၀၀) အဆင့်တွင်ရှိခဲ့သည်ဟု ယူဆ၍ တွက်ချက် ထားပြီး ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် (၃၃.၅) ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် (၃၁.၅) ရာခိုင်နှုန်း နှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၃၁.၇) ရာခိုင်နှုန်း စသည်ဖြင့် (၃)လ ဆက်တိုက် ဆက်လက်တိုးမြင့် လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လယ်ယာထွက်ကုန်များ၏ သွင်းကုန်ဈေးနှုန်းများသည် ယခင်နှစ်ကာလတူထက် (၃၃.၃) ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း၊ ကောက်ပဲသီးနှံများတွင် ပဲတီစိမ်း တင်သွင်းမှုဈေးနှုန်းသည် (၆၈.၁) ရာခိုင်နှုန်း၊ ဂျုံမှုန့်တင်သွင်းမှုဈေးနှုန်းသည် (၅၈.၄) ရာခိုင်နှုန်း၊ တိရစ္ဆာန် အစာအဖြစ်အသုံးပြုသည့် ပြောင်းတင်သွင်းမှု ဈေးနှုန်းသည် (၅၂.၄)ရာခိုင်နှုန်း၊ စားသောက်ကုန်လုပ်ငန်းများအတွက် အသုံးပြုသည့် ပြောင်းတင်သွင်းမှုဈေးနှုန်းသည် (၄၂.၃) ရာခိုင်နှုန်း စသဖြင့် အသီးသီးမြင့်တက်လာခဲ့သည်ကိုတွေ့ရှိရပါသည်။ အထူးသဖြင့် ဂျုံနှင့်ပြောင်းတို့သည် ပြုပြင်ပြီးစားသောက်ကုန် အမျိုးမျိုးအတွက် ကုန်ကြမ်းအဖြစ်အသုံးပြုရသောကြောင့် ၎င်းတို့၏သွင်းကုန်ဈေးနှုန်းမြင့်တက်လာမှုသည် စားသုံးသူများ၏ဈေးနှုန်းကြီးမြင့်မှုကို တိုက်ရိုက်သက်ရောက်မှုရှိစေပါသည်။

ဟင်းသီးဟင်းရွက်များတွင် မုန်လာဥဖြူဈေး (၂၇၀.၆) ရာခိုင်နှုန်း၊ မုန်လာဥနီ (၆၁.၈) ရာခိုင်နှုန်း၊ ကြက်သွန်နီ (၅၇.၃) ရာခိုင်နှုန်း နှင့် ကြက်သွန်ဖြူ (၅၂.၃) ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ သစ်သီးများတွင် နာနတ်သီး (၂၀.၇) ရာခိုင်နှုန်း၊ စပျစ်သီး (၁၉.၁) ရာခိုင်နှုန်းနှင့် သံပုရာသီး (၁၃.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးထွက်ကုန် သွင်းကုန်ဈေးနှုန်းများသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက (၃၆.၇) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ အမဲသားဈေးနှုန်းသည် (၄၇ မှ ၅၃) ရာခိုင်နှုန်း၊ ကြက်သားဈေးနှုန်းသည် (၄၇.၅) ရာခိုင်နှုန်းနှင့် ဝက်သားဈေးနှုန်းသည် (၆.၄) ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ရေထွက်ကုန်များ၏ ဈေးနှုန်းများသည် ပျမ်းမျှအနေဖြင့် (၁၃.၅) ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး၊ ငါးအရှင်သည် (၃၈.၆) ရာခိုင်နှုန်း၊ လတ်ဆတ်သောငါး (၃၀) ရာခိုင်နှုန်းနှင့် အေးခဲငါး (၈.၈) ရာခိုင်နှုန်းခန့် အသီးသီးဈေးနှုန်းများ မြင့်တက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။

ဤကဲ့သို့ ဈေးနှုန်းများမြင့်တက်လာမှုသည် အဓိကအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စီးပွားရေးပုံမှန် အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်နေစဉ်တွင် ကမ္ဘာ့ဝယ်လိုအား သိသိသာသာတိုးတက်လာခြင်းနှင့် ၂၀၂၂ ခုနှစ်၊

ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ရုရှား-ယူကရိန်း နယ်မြေပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်၊ မတ်လတွင် သွင်းကုန်ဈေးနှုန်းများသည် သိသိသာသာ တိုးမြင့်လာခြင်းတို့ကြောင့် ဈေးကွက်လေ့လာသူများက သုံးသပ်ကြပါသည်။ သွင်းကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်း၏ အခြားသောအကြောင်းရင်းတစ်ခုမှာ ငွေလဲနှုန်းဖြစ်ပါသည်။ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်လျှင် တောင်ကိုရီးယားငွေကြေး၏ခိုင်မာမှုသည် အားနည်းသည့်အလျောက် ယခင်နှစ်(၁၅-၂-၂၀၂၁)ရက်နေ့တွင် အမေရိကန်ဒေါ်လာ(၁)ဒေါ်လာလျှင် (၁,၁၀၁.၄) ဝမ်ရှိခဲ့ရာမှ ယခုနှစ် (၁၅-၂-၂၀၂၂) ရက်နေ့တွင် (၁,၁၉၉.၈) ဝမ်သို့ မြင့်တက်လာခဲ့ကြောင်း၊ (၂၄-၂-၂၀၂၂) ရက်နေ့နောက်ပိုင်းတွင် (၁,၂၀၀) ဝမ်အထက်တွင်သာ ဆက်လက်ရပ်တည်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ကိုရီးယားဝမ်ငွေ တန်ဖိုးကျဆင်းသဖြင့် တောင်ကိုရီးယားနိုင်ငံနေ အိမ်ထောင်စုများနှင့် လုပ်ငန်းလုပ်ကိုင်သူများ၏ဝယ်ယူမှု၊ သုံးစွဲနိုင်မှုစွမ်းအားကို ကျဆင်းစေလျက်ရှိပါသည်။

သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံ၊ သမ္မတအသွင်ကူးပြောင်းရေးအဖွဲ့ (The Presidential Transition Team) ဥက္ကဋ္ဌ Ahn Cheol-soo က စီးပွားရေးကဏ္ဍဝန်ထုပ်ဝန်ပိုးများကိုဖြေလျှော့ရန် လျှပ်စစ်ဓာတ်အားခနှင့် ဓာတ်ငွေ့ခနှုန်းထားများကိုမပြောင်းလဲစေရေး အစိုးရအနေဖြင့်ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ကမ္ဘာ့ရေနံစိမ်းအပါအဝင် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိ၍ စားသုံးသူပြည်သူများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဈေးနှုန်းကြီးမြင့်မှု၏ ဝန်ထုပ်ဝန်ပိုးဒဏ် ကိုပိုမိုရင်ဆိုင်ခံစားနေကြရကြောင်း၊ ကမ္ဘာ့ကုန်ကြမ်းဈေးနှုန်းများမြင့်တက်လာမှုအပေါ် ကြိုတင်ကာကွယ်မှု အစီအမံများပြုလုပ်ရန် လက်ရှိအစိုးရနှင့် ၂၀၂၂ ခုနှစ်၊ မေလတွင် တာဝန်ယူမည့် အစိုးရအသစ်နှစ်ရပ်လုံးတွင် တာဝန်ရှိကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ဘိလပ်မြေဈေးနှုန်းများသည်လည်း သိသာစွာမြင့်တက်လာရာ လက်ရှိအစိုးရသည် ဩစတြေးလျနိုင်ငံမှ Bituminous Coal ကျောက်မီးသွေးတင်သွင်းခြင်းမျိုးကဲ့သို့သော ကုန်သွယ်မှုလမ်းကြောင်းအသစ်များမှ သွင်းကုန်တင်သွင်းရန်နည်းလမ်းများရှာဖွေခြင်းမျိုးကို ဆက်လက်လုပ်ဆောင်သွားရန်လိုအပ်ကြောင်းသည်ဟု သမ္မတအသွင်ကူးပြောင်းရေးအဖွဲ့(The Presidential Transition Team) ဥက္ကဋ္ဌ Ahn Cheol-soo က သုံးသပ်ပြောကြားခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ တောင်ကိုရီးယားနိုင်ငံ၌ (၁-၄-၂၀၂၂)ရက်နေ့မှစ၍ ဓါတ်ငွေ့အသုံးပြု အနွေးဓါတ်အားခ၊ လျှပ်စစ်ဓါတ်အားခ၊ အခြေခံစားသောက်ကုန်ဈေးနှုန်းနှင့် မုန့်ပဲသရေစာဈေးနှုန်းများသည် သွင်းကုန်ဈေးနှုန်းများမြင့်တက်လာမှုကိုအခြေပြု၍ အသီးသီး ဘက်စုံ/ကဏ္ဍစုံမှ မြင့်တက်လျက်ရှိပါသည်။

**Source The Korea Herald (5-4-2022)**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ထိုင်းနိုင်ငံ CPF ကုမ္ပဏီအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံသို့ ပထမဦးဆုံးအကြိမ်အဖြစ် ကြက်သားတင်ပို့ခြင်း



ဆော်ဒီအာရေဗျ အစားအစာနှင့်ဆေးဝါးအာဏာပိုင်များထံမှ သဘောတူညီမှုရရှိခဲ့ပြီးနောက် ၂၀၀၄ခုနှစ်နောက်ပိုင်း ဆော်ဒီအာရေဗျသို့ ကြက်သားထုတ်ကုန်များကို Charoen Pokphand Foods (CPF)မှ ပထမဦးဆုံးအကြိမ်အဖြစ် တင်ပို့ ခဲ့ကြောင်း၊ ဆော်ဒီအာရေဗျက ထိုင်းကြက်သားနှင့်ကြက်ဥတင်ပို့မှုအပေါ် (၁၈)နှစ်ကြာ ပိတ်ပင်ထားခဲ့မှုကို ရုတ်သိမ်းခဲ့ပြီးနောက် နှစ်ပတ်အကြာတွင် အဆိုပါသမိုင်းဝင်တင်ပို့မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ပြီးနောက် ထိုင်းနိုင်ငံ၏ ကြက်သားလုပ်ငန်းသည် အရှေ့အလယ်ပိုင်းတွင် သိသာထင်ရှားသော တိုးတက်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဂျူရင်က (၁၈-၃-၂၀၂၂)ရက်နေ့တွင် CPF ၏ မင်ဘူရီကြက်သားပြုပြင်ထုတ်လုပ်ရေး စက်ရုံ(၂)တွင် ဖွင့်လှစ်ခဲ့သည့် ဆော်ဒီအာရေဗျသို့ ထိုင်းကြက်သားများပထမဦးဆုံးအကြိမ် သင်္ဘောတင်ပို့ခြင်းအခမ်းအနားတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စဉ်ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ ကြက်သားတန်ချိန်

(၁၀,၀၀၀) တင်ပို့ရန်ရည်မှန်းထားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့်ပြည်ပသို့ အသားစားကြက်(၉၈၀,၀၀၀) တန်ချိန်တင်ပို့လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကထက် (၇%)တိုးတက်လိမ့်မည်ဖြစ်ကြောင်းနှင့် တန်ဖိုးအားဖြင့် ဘတ်ငွေ(၁၀၀) ဘီလီယံကျော်ရှိကြောင်း သိရှိရပါသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင်ကြီးမားသော ဈေးကွက်ကြီးဖြစ်ပြီး အရေးကြီးသောဈေးကွက်ဖြစ်ကြောင်း၊ အထူးသဖြင့် ဟာလာထုတ်ကုန်များအတွက်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍများနှင့်ပူးပေါင်း၍ ပြုပြင်ထားသောအစားအစာများ၊ သစ်သီးဝလံများနှင့် မော်တော်ကား ထုတ်ကုန်များကိုဆော်ဒီအာရေဗျနိုင်ငံသို့မေလအလယ်(သို့မဟုတ်)ဇွန်လတွင်တင်ပို့နိုင်ရေးစီစဉ်ဆောင်ရွက်လျှက်ရှိကြောင်းသိရှိရပါသည်။

CPF ၏အမှုဆောင်အရာရှိချုပ် Prasit Boondoungprasert ၏ပြောကြားချက်အရ ၎င်း၏ကုမ္ပဏီအနေဖြင့် ဘတ်ငွေ (၄၇)သန်းတန်ဖိုးရှိ ကြက်သားထုတ်ကုန် တန်ချိန်(၆၀၀)ကို ဆော်ဒီအာရေဗျနိုင်ငံသို့ ယခုလအတွင်းတင်ပို့လိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ကုမ္ပဏီအနေဖြင့် စုစုပေါင်းကြက်သားထုတ်ကုန် တန်ချိန်(၆,၀၀၀)ကို တင်ပို့လိမ့်မည်ဖြစ်ကြောင်း၊ စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုးအနေဖြင့် ဘတ်ငွေ(၄၇၃)သန်းဖြစ်ကြောင်း၊ နောက်ထပ်(၅)နှစ်အတွင်း ဘတ်ငွေ(၄.၂)ဘီလီယံတန်ဖိုးရှိ ကြက်သားထုတ်ကုန်တန်ချိန်(၆၀,၀၀၀)ကို တင်ပို့သွားရန် စီစဉ်ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

လူဦးရေ(၃၆.၅)သန်းရှိသည့် ဆော်ဒီအာရေဗျနိုင်ငံသည် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ နိုင်ငံများ အနက်အစားအစာတင်သွင်းမှု အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။ အရှေ့အလယ်ပိုင်းတွင် ဆော်ဒီအာရေဗျ နိုင်ငံသည်ထိုင်းနိုင်ငံမှ ကြက်သားတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ ထိုင်းအသားစားမွေးမြူရေးလုပ်ငန်းသည် နိုင်ငံအတွင်း ဈေးကွက်ဝေစု(၁၀%-၁၅%)အထိရရှိရန်မျှော်မှန်းထားကြောင်းသိရှိရပါသည်။

ယခုနှစ်အတွင်း ကုမ္ပဏီ၏စုစုပေါင်းကြက်သားတင်ပို့မှုသည် တန်ချိန်(၂၀၀,၀၀၀)ရှိလိမ့်မည်ဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် ဘတ်ငွေ(၂၀)ဘီလီယံဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် အကြီးမားဆုံး ပို့ကုန်ဈေးကွက်ဖြစ်ကြောင်းနှင့် ၎င်းနောက်တွင် ဂျပန်နှင့် ဂျာမနီတို့ရှိကြောင်းသိရှိရပါသည်။ CPFအနေဖြင့်ယခုနှစ်အတွက် ဝင်ငွေအနည်းဆုံး (၁၀%)တိုးတက်လိမ့်မည်ဟု မျှော်မှန်း ထားကြောင်း၊ ၂၀၂၁ခုနှစ်တွင် ဘတ်ငွေ(၅၂၀)ဘီလီယံရရှိခဲ့ကြောင်းသိရှိရပါသည်။

တိရစ္ဆာန်အစာလုပ်ငန်းသည် ဝင်ငွေ(၅၀%)တိုးတက်လိမ့်မည်ဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းမှ (၃၀%)နှင့် ကျန်ရှိသည် များမှာ အစားအစာလုပ်ငန်းတို့မှရရှိလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။ တိုးတက်မှုသည် ကမ္ဘာ့ဝယ်လိုအား တိုးတက်မှုကြောင့် ဖြစ်ကြောင်း၊ အထူးသဖြင့်ဥရောပ၊ ဂျပန်နှင့်အရှေ့အလယ်ပိုင်းဒေသများတွင်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှု ကုန်ကျစရိတ် သည်အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါကနည်းပါးကြောင်း သိရှိရပါသည်။

CPF ၏ ရင်းနှီးမြှုပ်နှံမှုဘတ်ဂျက်အသုံးစရိတ်သည် ယခုနှစ်တွင် ဘတ်ငွေ(၂၅)ဘီလီယံရှိပြီး ထုတ်လုပ်မှုနှင့်စွမ်းဆောင် ရည်တိုးတက်စေရန်စက်ပစ္စည်းကရိယာများအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းအပေါ်အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

Bangkok Post

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## ဟောင်ကောင်ဒေသခံများအား ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် consumption vouchers ဖြန့်ဝေပေးသွားမည်ဖြစ်ရာ ဈေးဝယ်စင်တာများမှလည်း ပိုမိုရောင်းချနိုင်ရန် ယှဉ်ပြိုင်လာကြခြင်း

ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ်အတွက် ပထမအဆင့် electronic consumption vouchers များအား ၂၀၂၂ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့တွင်ဖြန့်ဝေပေးသွားမည်ပြီး AlipayHK ၊ Tap & Go (သို့မဟုတ်) WeChat Pay HK အသုံးပြုသူများ အနေဖြင့် ၃၁-၁၀-၂၀၂၂ ရက်နေ့အထိ ဟောင်ကောင်ဒေါ်လာ (၅,၀၀၀) သုံးစွဲနိုင်မည့် consumption voucher များ နှင့် Octopus card အသုံးပြုသူများအနေဖြင့် MTR ရထားဘူတာရုံများရှိ Subsidy Collection Points Subsidy Collection Points များနှင့် သတ်မှတ်ထားသော convenience stores ၊ supermarkets ၊ Octopus Service Points (သို့မဟုတ်) Octopus mobile app

တို့ဖြင့်ရရှိနိုင်မည်ဟု ဟောင်ကောင်ဘဏ္ဍာရေးအတွင်းဝန် (ဝန်ကြီး) Mr. Paul Chan Mo-po က ၃-၄-၂၀၂၂ ရက်နေ့ (တနင်္ဂနွေ) တွင် ပြောကြားခဲ့ပြီးနောက် ဈေးဝယ်စင်တာများသည်လည်း ပိုမိုရောင်းချနိုင်ရန် အရောင်းမြှင့်တင်ရေးနှင့်ပတ်သက်၍ ကြေညာခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Malls race to cash in as vouchers set for April 7” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ Sun Hung Kai အိမ်ခြံမြေလုပ်ငန်း အဖွဲ့ဝင်မှလည်း AlipayHK ၊ Tap & Go ၊ WeChat Pay HK နှင့် Octopus အစရှိသည့် သတ်မှတ်ထားသော ငွေပေးချေသည့်စနစ်များဖြင့် consumption vouchers များ အသုံးပြုနိုင်ရန် ဝယ်ယူသူများအတွက် အစီအစဉ်တစ်ခုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အရောင်းမြှင့်တင်သည့်ကာလအတွင်း East Point City, Landmark North, Harbor North, Park Central, Mikiki, Chelsea Heights, or K-Point အစရှိသည့် ဈေးဝယ်စင်တာများ၌ တစ်ရက်ထဲတွင် ဟောင်ကောင်ဒေါ်လာ ၁၀,၀၀၀ သုံးစွဲသူများအနေဖြင့် ဟောင်ကောင်ဒေါ်လာ(၁၀,၀၀၀)တန်ဖိုးရှိ လက်ဆောင်(သို့မဟုတ်)ဈေးဝယ်ကူပွန်များ ပြန်လည်ထုတ်ယူနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

MegaBox မှလည်း ဈေးဝယ်စင်တာရှိဆိုင်များတွင် Octopus ဖြင့် ဟောင်ကောင်ဒေါ်လာ (၂၀၀) နှင့် အထက် အသုံးပြုသူများအနေဖြင့် cash coupon နှင့် discount coupon တို့ကို (၁၀၀) ရာခိုင်နှုန်းအထိ ပြန်လည်ရရှိမည်ဖြစ်ကြောင်း၊ AlipayHK ၊ Tap & Go နှင့် WeChat Pay HK ဖြင့် ဟောင်ကောင်ဒေါ်လာ (၆၀၀) သုံးစွဲပါက cash coupon နှင့် discount coupon တို့ကို ပြန်လည်ထုတ်ယူနိုင်ကြောင်း၊ ပရိဘောဂများ (သို့မဟုတ်) နေ့စဉ်သုံးပစ္စည်းများအား ဟောင်ကောင်ဒေါ်လာ (၆,၀၀၀) နှင့်(၁၂,၀၀၀)အကြား ဝယ်ယူသူများအနေဖြင့် သယ်ရလွယ်ကူသော ခရီးဆောင်ကော်ဖီဖျော်စက်နှင့် ကြိုးမဲ့ရေနွေးကရားအား German Pool မှ ပြန်လည်ထုတ်ယူနိုင်ကြောင်း၊ Yata Department Stores မှလည်း electronic consumption coupon အသုံးပြုသူများအတွက် (၇၀) ရာခိုင်နှုန်းအထိဈေးလျှော့ပေးမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေါ်လာ (၁,၀၀၀) သုံးစွဲသူတိုင်းအတွက် ဟောင်ကောင်ဒေါ်လာ (၁၀၀) တန်ဖိုးရှိ Spermarket Cash Coupon ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ WeChat Pay HK အသုံးပြုသူများအတွက်စုစုပေါင်းကူပွန်(၆၀,၀၀၀) တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ (၁.၅) သန်းဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။

**အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## STOCK EXCHANGE (7.4.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Apr. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 7,900 | 8,000 | 7,900 | 220 | 1,757,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 3,010 | 8,127,000 | 38,929,150 | 105,109 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 3 | 7,950 | 12,823,224 | 33,982 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 500 | 1,300,000 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 4,900 | 5,000 | 4,900 | 103 | 505,000 | 10,497,598 | 52,488 |


## Market summary

As of 7th Apr. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.06 | +0.00 | +0.00% | 363.15 | 365.06 | 362.55 | 3,836 | 11,696,950 | 7 | 635,063 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 7th Apr. 2022

| MYANPIX | 365.06 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,836 |
| Total Value (MMK) | 12 mil |
| Listed Company | 7 |
| Market Cap. (MMK) | 635,063 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,700 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |